# ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ SSPDF (ရှမ်းပြည်တောင်ပိုင်း )၏ အများပြည်သူသို့ သတင်းထုတ်ပြန်ကြေငြာခြင်း

*(အမှတ် ၁၃/၂၀၂၁ )*

**၂၄ နိုဝင်ဘာလ ၂၀၂၁**

ကျွန်ုပ်တို့ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ SSPDF ( ရှမ်းပြည်တောင်ပိုင်း ) သည် 16.05.2021 တွင် SSPDF တပ်ဖွဲ့ အဖြစ် စတင်ဖွဲ့စည်းပြီးကတည်းက မြန်မာပြည်၌ စစ်အာဏာရှင်စနစ် အမြစ်မကျန် အပြီးတိုင် ချုပ်ငြိမ်းသွားစေရန် ရည်ရွယ်ပြီး တော်လှန်ရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်ခဲ့ကြသည်။ လက်ရှိတွင်လည်း ပြည်သူများ၏လှူဒါန်းမှုများဖြင့် ရေရှည်တိုက်ပွဲများ အတွက် လက်နက်အင်အားများ စုဆောင်းခြင်း၊ တပ်သားအသစ်များကို စနစ်တကျစီစစ် ရွေးချယ်ကာ စစ်သင်တန်းများ ပေးပြီး လူအင်အားစုဆောင်းတိုးချဲ့နေခြင်း၊ အရည်ချင်းပြည့်မီသော တပ်ဖွဲ့ဖြစ်ပေါ် လာစေရန်အတွက် စစ်ရေးလေ့ကျင့်ခြင်းများ ပြုလုပ်နေလျှက်ရှိပါသည်။ အတားအဆီး အခက်အခဲများကြားမှ အစစအရာရာကို စုဆောင်းပြင်ဆင်နေရသည့်အတွက် မြို့ပြလှုပ်ရှားမှုများကို စိတ်တိုင်းကျ မလုပ်ဆောင်နိုင်သေးသောကြောင့် အလှူရှင်ပြည်သူများ အနေဖြင့် အားလျှော့စိတ်ပျက်ခြင်းများ မဖြစ်ပေါ်စေရန်အတွက် သတင်းထုတ်ပြန် လိုက်ရခြင်းဖြစ်ပါသည်။လက်နက်အင်အား ပြည့်စုံစွာနှင့် ခေတ်မှီကာ စနစ်ကျ ကျွမ်းကျင်သော တပ်ဖွဲ့အဖြစ် ရေရှည်ရပ်တည်နိုင်ရန်အတွက် အလှူရှင် များစွာလည်း ဆက်လက်လိုအပ်နေလျှက်ရှိပါသည်။ ထို့ကြောင့် တော်လှန်ရေးတွင် တဖက်တလမ်းမှ ပါဝင်လိုသော အလှူရှင်ပြည်သူများကိုလည်း တတပ်တအားဖြင့် စိတ်ချယုံကြည်စွာ ဝိုင်းဝန်းပါဝင်ကူညီလှူဒါန်းပေးကြပါရန် လေးစားစွာဖြင့် တိုက်တွန်းနိုးဆော်အပ်ပါသည်။ လုံခြုံစွာဆက်သွယ်လှူဒါန်းနိုင်ရန် အတွက် page messenger မှတဆင့် လာရောက်ဆက်သွယ်နိုင်ပါသည်။

"အရေးတော်ပုံအောင်ရမည်"

SSPDF

sspdf.southshanstate@gmail.com